www.burmeseclassic.com



ဘက်ကနေ အဆင်သင့် စောင့်နေတဲ့ နံပါတ်တစ်ဆယ်က နန်းကြီးရှေ့ အရှင်နှစ်ပါးရှေ့ ရောက်သွားပြီ။

နန်းကြီးနောက်ဘက်ကို ဝင်မယ့် တံခါးပေါက်မှာ နန်းထိန်း မျိုးတွေထဲက တာဝန်ကျတွေ စောင့်ကြပ်ထားတယ်။ တက်ပွဲတက်မယ့် နတ်ကတော်နဲ့ အဖွဲ့ကလွဲရင် တခြားမည်သူ တစ်ဦးတစ်ယောက်မှ တက်ခွင့်မရှိဘူး။ အထူးစိစစ်ပြီးမှ တက်ခွင့်ပြုတယ်။

နံပါတ်ဆယ့်တစ် ဝင်သွားပြီးတဲ့အချိန်မှာ နန်းတော် ဘေးတံခါး ပေါက်ကို ချက်ချင်း ပြန်ပိတ်ပစ်လိုက်တယ်။ နံပါတ်ဆယ့်နှစ် ဒေစီကျိန်း တို့အဖွဲ့က ဘေးပေါက်လှေကားရင်းမှာ အဆင်သင့်စောင့်ကြရတယ်။

လှေကားရင်းကနေ ဒေစီကျိန်းက နန်းတော်ကြီးဘေး ကနားတဲခန်း တွေဆီကို လှမ်းလက်အုပ်ချီတယ်။ နန်းတော်ကြီးဘေး ကနားတဲခန်း တွေမှာ မိဖုရားကြီးတွေနဲ့ နတ်နေကြီး၊ နတ်ဝါကြီး၊ မောင်းတွေ ရှိတယ်။ နန်းတော်ကြီးပတ်လည် ကနားတဲခန်းတွေက ဗွီအိုင်ပီ ကနားတဲခန်းတွေပေါ့။ အလကားရတာတော့ မဟုတ်ဘူး။ သူတို့လည်း ငွေးပေးရတာပဲ။ တစ်ခန်း နှစ်ထောင်ပေးရတာပဲ။ နေရာကောင်းရ တာ တစ်ခုပဲ။ နေရာကောင်းတော့ နတ်မေးတဲ့သူ များများလာတာ ပေါ့။ မိဖုရားကြီးတွေလည်း နန်းကြီးပေါ် မတက်ရတဲ့အချိန် ကြေ ခေါက်ရတာပဲ။ မောင်းတွေလည်း အတူတူပေါ့၊ ကြေမခေါက် နတ်မပေးလို့ ပိုက်ဆံ ဘယ်ကရမလဲ။

"မာမီရေ လှတယ်"

အောင်မယ် ဘယ်သူပါလိမ့်လို့။ မော်လမြိုင် စိန်မမ။ ပြင်ထား ဆင်ထားလိုက်တာ ဖိတ်ဖိတ်တောက်လို့ပါလား။

"အေး... နင်လည်း လှတယ်ဟဲ့။ ဟိုမင်းသမီးနဲ့ တူတယ်။ ဘယ်သူဟဲ့ ဘာဗို၊ ဟဲ့ ပြောစမ်း"



ဒေစီကျိန်းကတော့ လှပ်လိုက်ပြီ။ ဘေးနားက "ထွန်းအိန္ဒြာဗို" လို့ အော်လိုက်တော့မှ...

"အေး... အဲဒီမင်းသမီးနဲ့ တူတယ်ဟဲ့ စိန်မမ၊ နင်က ဆယ့်သုံး လား ဟုတ်လား"

"ဟုတ်တယ် မာမီ"

စိန်မမက ဒေစီကျိန်းကို လက်အုပ်ချီ ကန်တော့ရင်း ဖြေတယ်။ ဒေစီကျိန်းပြောသလိုပဲ စိန်မမက ထွန်းအိန္ဒြာဗို ပြင်ပုံ ဆင်ပုံ ဆံထုံး ထုံးပုံအတိုင်း တူအောင်ပြင်ထားတယ်။ ရယ်ပုံ၊ ပြုံးပုံ၊ စကားပြောပုံ အမူအရာတွေပါ တုထားတယ်။ သူက မိန်းမ နတ်ရှေ့မှာဆိုတော့ မိန်းမပုံပဲ ထွက်လာတယ်။ သူတက်မှာက "ရှေ့ပွဲ" ပေါ့။ ဒေစီကျိန်းတို့လို ယောကျ်ားနတ် (ဦးမင်းကျော်) ရှေ့မယ့်ဟာတွေကျ တက်ပွဲပေါ့။ ကြိုက်တာနဲ့ တက်လို့ရပါတယ်။ ကိုယ်သန်ရာ သန်ရာပေါ့။

ဟိုတုန်းကတော့ ရှေ့ပွဲနဲ့ တက်ပွဲမှာ မိန်းမနတ်ရှေ့တဲ့ သူကို တက်ပွဲကြေး လျှော့ယူတယ်။ ခုတော့ တူတူဖြစ်သွားပါပြီ။ စားတော် စာမှာတောင် သူက ပိုရသေးတယ်။ အစ်မတော် (မငွေတောင်) စားတော်စာအတွက် ဆီထမင်းနဲ့ ငါးကြော်က သက်သက်ပါရသေး တယ်။ ပြီးတော့ ဟိုတုန်းက မိန်းမနတ်ရှေ့ရင် အချိန်အများကြီး ရတယ်။ မိန်းမနတ်က အကတွေ များတာကိုး၊ အနည်းဆုံး နာရီဝက်၊ တစ်နာရီ ရတယ်၊ ခုတော့ မရတော့ပါဘူး။ တက်ပွဲတက်တဲ့သူက များလာတော့ ယောကျ်ားနတ်တွေနဲ့ အတူတူပဲ။ ဆယ့်ငါးမိနစ် ဖြစ် သွားပြီ။

စိန်မမနောက်က ပါလာတဲ့ဟာတွေကလည်း မနည်းပါလား။ ဝတ်ထားစားထားတာတွေကလည်း ပျံလို့၊ လန်လို့။ အင်း... စိန်မမ ကလည်း နည်းတဲ့မိန်းမလျာမှ မဟုတ်ဘဲ၊ ဒီဘက် နှစ်နှစ်သုံးနှစ်

www.burmeseclassic.com



ရွှေတွေ၊ စိန်တွေ သီးနေတဲ့ မျက်နှာမသာမယာနဲ့ မိန်းမ တစ်ယောက်က ရွှေတိုးပြီး လေးဆယ့်ငါးကျပ်တန် တစ်ရွက်ဆက် တယ်။ တစ်ခါတည်း အဖေမျိုး ကြက်ဆိုထွဲပြီး လှှင့်ပစ်လိုက်တယ်။

"ငါက ဒီပိုက်ဆံလောက်ကို ဘာလုပ်ရမှာတုံးဟဲ့။ ဟင်း... ညည်းက အမေကျမ်းအတွက်ကျ နမြောတယ်။ အောက်လမ်းတွေနဲ့ ကာတ်ရိုက်ဖို့ကျ ကုန်ချင်သလောက်ကုန်၊ ဟုတ်လားဟဲ့"

"မဟုတ်ပါဘူး အမေရယ်၊ ကျေနပ်ပါ။ အမေ့သား ပြန်လာတော့ မျှော်ပွဲများ ကျင်းပါ့မယ်"

"ဟေ့... မလိုချင်ဘူး၊ ခုချက်ချင်းလုပ်။ လေမလိုချင်ဘူး။ လေပေးရင် လေရမှာပဲ၊ နတ်ကလည်း ရှင်းရှင်းပဲ ပြောတတ်တယ်"

ဟော... လုပ်ကုန်ပြီ။ ဒေဝီကျိန်းစကားတွေ ပါလာပြီ။ ထုံးစံ အတိုင်း မင်းမင်းက စပ်ဖြူးဖြူးနဲ့ ဟိုမိန်းမကို အသာမေးငေါ့ပြရင်း အခြေအနေကို ဝင်ထိန်းရတယ်၊

ဟိုမိန်းမက ပိုက်ဆံအိတ်ဖွင့်ပြီး နှစ်ရာတန် တစ်ချပ် ထုတ်ရှာပါ တယ်၊

"လမ်းဆုံက ဂျမ်းဘုံ၊ နှာမည်တစ်လုံးနဲ့နေတာ။ သူများဆီ မသဒ္ဒါ ရေစာကို အတင်း ဓားပြတိုက်မထောင်းဘူး။ မကျေနပ်ရင် ပြန်ယူ သွားပါ"

ကြည့်... ကြည့်၊ လုပ်လိုက်ပါလိမ့်မယ်။ ဒေဝီကျိန်းတို့ကတော့ လုပ်လိုက်ပါလိမ့်မယ်။ ဟိုမိန်းမမယ် ကျေနပ်ပါ အမေရယ်... အမေ ရယ်နဲ့ ပြောလိုက်ရတာ။ မင်းမင်းကပါ "ကျေနပ်ပါအမေ" ဘာညာနဲ့ ဝင်ထိန်းမှ နောက်မိန်းမတစ်ယောက်ဆီကို ကူးသွားတယ်၊

ဒီလိုပဲ ဒေဝီကျိန်းတို့ကတော့ မင်းမင်း ဘယ်လိုပြောပြ၊ ပြောပြ ဘယ်တော့မှ မရဘူး။ ကိုယ့်အလုပ်က သူတို့ဆီက ပိုက်ဆံရအောင်



တောင်းဖို့ အရေးကြီးတာ၊ ပါးစပ်ကလေးပဲ၊ ပါးစပ်ကလေးက လိမ္မာဖို့ပဲ၊ ချိုသာဖို့ပဲဆိုတာ ဘယ်တော့မှ နားမလည်ဘူး။ ငါက ချိုချိုလေးနဲ့ လိမ်ရမှာပေါ့ဆိုတာတွေက လုပ်လိုက်သေးတယ်။

ဒါ လိမ်တာမှ မဟုတ်တာ၊ မင်းမင်းကတော့ ကိုယ် ထမင်းစား နေတဲ့ ဒီအလုပ်ဟာ လိမ်စားတဲ့အလုပ်လို့ မထင်ပါဘူး။ ပိုက်ဆံတွေ ပိုလျှံနေတဲ့သူတွေက သူတို့အကျိုးအတွက် ပေးတဲ့ပိုက်ဆံကို မင်းမင်း တို့ ခွဲဝေစားကြတာပါ။ ဒေဝီကျိန်းကို မှီခိုနေတဲ့အဖွဲ့၊ ဆိုင်းဝိုင်းသားစု၊ နောက်ဆုံး ငှက်ပျောသီး၊ အုန်းသီးသည်လေးတွေအဆုံး ခွဲဝေစားကြ ရတယ်။

ဒီခေတ်ကြီးမှာ မိသားစုတော်တော်များများကို ဒီအလုပ်က ထမင်း ဝအောင် ကျွေးနိုင်တယ်လေ။ ဒီတော့ ပိုက်ဆံတွေ ပိုနေတဲ့သူတွေဆီက ပိုက်ဆံရအောင် တောင်းတာဟာ တရားတယ်လို့ မင်းမင်းထင်တယ်၊ အရှုပ်မကြီးရယ်၊ ခင်ဗျား ကြော်လော်နေတာတွေဟာ မိသားစု တော် တော်များများ ထမင်းစားဖို့ဖြစ်တဲ့အတွက် ခင်ဗျား ကူသိုလ်ရပါတယ်။

"အေး...အေး၊ လိုချင်တာရစေ့မယ်ဆိုရင် ကျေနပ်တယ် မဟုတ် လား၊ အမေ့ထဘီ တစ်ခါမယ်မ်းရပါဘူး သမီးရဲ့၊ ဟုတ်ရဲ့လား"

ဒေဝီကျိန်းတစ်ယောက် ကြော်လို့လော်လို့ ကောင်းနေတုန်းမှာပဲ မိန်းမတစ်ဖွဲ့ တဝုန်းဝုန်း အိမ်ပေါ်တက်လာကြတယ်၊

"ကိုဘစီ... ကိုဘစီ၊ ကျုပ်တို့ ဆွဲကြိုးဖြတ်ခံရလို့"

"ဘာဟဲ့"

အမေကျမ်း ရုတ်တရက် ကြောင်သွားတယ်။ မိန်းမတွေက ဒေဝီ ကျိန်းကို ကိုဘစီပဲ ခေါ်တဲ့ အောက်ဘက်က ဆွေမျိုးတော်သူဒွေးတွေ၊ ပြီးတော့ ဒီနေ့ညနေ တက်ပွဲဒကာတွေ။

"ဟဲ့... ဘယ်သူ့ဆွဲကြိုးလဲ"

BURMESE CLASSIC .com

www.burmeseclassic.com

ဇရပ်ကြီးရဲ့ တစ်ဖက်အစွန်းနားမှာတော့ ဖယောင်းတိုင် မီးရောင်အလင်းနဲ့ ဝင်းပချစ်စရာ ကောင်းနေတဲ့ သနပ်ခါးပါးကွက်ကျားဗိုင်ရှင်မလေး ပန်းညိုကို မင်းမင်း တွေ့လိုက်ရတယ်။

ခေါင်းပေါ်မှာ ဘာတဘက်မှ ဖုံးအုပ်မထားတဲ့ ပန်းညို ဆံပင်ရှည်တွေက ပခုံးပေါ်မှာ ဝဲပုံကျလို့။ ပိုပြီး ငယ်နုသွားပြီး ပိုပြီး ချစ်စရာကောင်းနေတယ် ပန်းညို။

"ညွှန့်သည်လာတယ်လေ၊ ညွှန့်သည်"

မင်းမင်းကို မြင်တာနဲ့ ပန်းညိုမျက်လုံးလေး ဝိုင်းသွားတယ်။ ဒါပေမယ့် အံ့ဩစရာ၊ ကျေကျေနပ်နပ် လှလှပပ ပြုံးလို့။

"ဒီနေရာကို သိသားပဲ"

"သိတာပေါ့"

"သိတာပေါ့ဟုတ်… ဒီနေရာများ ခက်လွန်းလို့"

ဝုံတီးတဲ့ ဝတုတ်မလေးက ဝင်ပြောတယ်။ သူတို့ဘေးနားမှာ ဆေးလိပ်လေးနဲ့ မိုန်းငိုက်နေတဲ့ ပိန်ပိန်သေးသေး အဘွားအိုက မျက်လုံးတွေကို မှေးကုပ်ကြည့်ရင်း နားကိုလည်း လက်ကာ စွင့်တယ်။

"အဘွားက နားလေးတယ်။ မျက်စိလည်း မှုန်တယ်၊ အသက်ရှစ်ဆယ် ရှိပြီ"

သူ့အဘွားအကြောင်းကိုလည်း ပန်းညိုပြောပြနေတာ စိတ်ပါလက်ပါ၊ ပါးစပ်ထဲမှာလည်း အချဉ်ထုပ်က မြုံ့ရသေးတယ်။

"အဘွား၊ ဒါ မနေ့တုန်းက ကြက်သားကြော်တွေ၊ ပိုက်ဆံတွေ ပေးလိုက်တဲ့အိမ်က အစ်ကိုလေ သိလား"

ပန်းညိုက အသံတိုးတိုးနဲ့ နှုတ်သွက်လျှာသွက်မလေး ဖြစ်လို့နေတယ်။ အစ်ကိုတဲ့၊ သူက သူ့အဘွား မကြားတာကို ပြန်ပြောရင်း ရှက်ရယ် ရယ်လို့ချည်းနေတယ်။ စိတ်ကစားတတ်တဲ့ အရွယ်လေး



ရယ်။ မင်း ဘာဖြစ်နေတယ်ဆိုတာ သိပါတယ်။

"ပန်းညိုတို့ကို မုန့်ကျွေးမလို့ ဝင်လာတယ်။ ပွဲဈေးတန်း သွားစားရအောင်၊ လာ"

ပန်းညိုမျက်နှာက ခဏတော့ ဝင်းလက်သွားတယ်၊ ပြီးတော့ ခေါင်းခါတယ်။

"ပန်းညိုတို့မှာ အဝတ်အစားကောင်းတာ မရှိဘူးရယ်။ ပြီးတော့ လူတောထဲကို ပန်းညိုတို့နဲ့ အစ်ကို သွားရဲလား"

"ဘာလို့ မသွားရဲရမှာလဲ၊ ဘာဆိုင်လဲ"

မင်းမင်းရင်ထဲက သနားစိတ်မှန်သမျှကို ဒီကောင်မလေး အကုန်ဆွဲယူသွားတော့မယ် ထင်ပါရဲ့။

"ကဲ… လာ လာ၊ ညဘက်မှာ အဝတ်အစားကို လူမမြင်ပါဘူး၊ အဆိုတော်ကြီးက တော်တော်လှချင်တယ်ကွာ"

ပန်းညိုက ပြုံးပြီး ခေါင်းငုံ့နေဆဲ၊ မောင်လုံးက မင်းမင်းကို ကြည့်ဖြီး…

"ကျွန်တော်ရော လိုက်ရမှာလား"တဲ့။ မင်းမင်းက ခေါင်းညိတ်ပြလိုက်တယ်။

"လိုက်မှာလား မိပြုံး"

ပန်းညိုက ဝုံတီးတဲ့ ကောင်မလေးကို မေးရင်း သူ့ အဘွားကိုလည်း ကြည့်ပြန်တယ်၊ ဝုံတီးတဲ့ ကောင်မလေးက သူ့အဘွားနားကို ကပ်လိုက်တယ်။

"အဘွား… ပွဲဈေးတန်းမှာ မုန့်သွားဝယ်စားမလို့၊ မုန့်… မုန့်…"

နှစ်ခါ သုံးခါ ထပ်အော်တော့မှ…

ပန်းညိုတို့အဘွားက ခေါင်းတညိတ်ညိတ်နဲ့ "မြန်မြန်ပြန်လာကြ"တဲ့။

BURMESE CLASSIC .com

www.burmeseclassic.com



ရား ရှိုးရာရှိသူတွေ အကုန်လိုက်ရတာကိုး။ အဘိုးကြီး အဘွားကြီးတွေဆို သိပ်ရယ်ရတာပဲ။ လူငယ်လူရွယ်တွေလို အော်ဟစ်မဆဲရဲတော့ ပါးစပ်ကလေးတွေ လှုပ်လှုပ် လှုပ်လှုပ်နဲ့ပဲ အသံမထွက်ဘဲ ဆဲနေကြတာ။ ဂျိန်းစဘွန်းတို့နဲ့တွေ့တော့ အဲဒီအဘိုးကြီးတွေကို လိုက်စတာ။ အတင်းအော်ဆဲခိုင်းတာ သိပ်ရယ်ရတာပဲ။ လူငယ်လူရွယ်တွေ မကြားဝံ့ မနာသာဆဲတဲ့ အဆဲမှန်သမျှကိုလည်း ဂျိန်းစဘွန်းမက အကုန်လက်ခံတဲ့အကြောင်း ပြန်အော်တာ။ ဂျိန်းစဘွန်းမကို အားလုံးက သြချယူရတယ်။

ဒီချိန်လောက်ဆို နန်းကြီးအထက နတ်အုတ်မင်းတို့၊ မိဖုရားကြီးတို့၊ ဝန်ကြီးလေးပါး၊ အမတ်ချုပ်ကြီး၊ သိုးဆောင်း၊ တောင်းဆောင်းတွေအားလုံး ယှဉ်ကြိုနေကြလောက်ပြီပေါ့။ တကယ်ဆို တောင်းတစ်တောင်းဖြစ်တဲ့ ဒေဝီဂျိန်းလည်း သွားရမှာပဲ။ ဒီမှာ လင်မှုမွှေနေရတာနဲ့ ဘယ်သွားနိုင်လို့တုန်း။

"ခြော်... လာဟဲ့၊ ရွှေတိုးစား ဝတီရီယိုဆိုမလို့ ဆိုတဲ့ဟာလေးလား"

နတ်မေးတဲ့ အုပ်ထဲကနေ ရွှေတိုးလာတဲ့ ကောင်မလေးဆီက နှစ်ရာတန်ငါးရွက်ကို သင်းကြိုင်တို့က ဖျတ်ခနဲဆွဲယူပြီး နဖူးထိပ်မှာ ကပ်ပြီး လက်အုပ်ချီလိုက်တယ်။

"အနုပညာသည်ပါ ဘုရား၊ ရုပ်ကိုလည်း လှူပါတယ်။ အသံကိုလည်း လှူပါတယ်ဘုရား၊ မျက်နှာမြင် ချင်စေပါစေ၊ အသံကြားသနားပါစေ၊ ပြိုင်သူတိုင်းကို နိုင်ရပါစေ ဘုရား"

လုပ်လိုက်ပြန်ပြီ။ နတ်မင်းသားလေးတို့ကတော့ ဆုတောင်းဆုယူများ သူ့အတု ဗိုးရှုဦးမယ်ပုံပဲ။ သင်းက ငယ်ငယ်လေးကတည်းက ဘောင်းဘီတိုလေးနဲ့ နတ်လိုက်တင်ပေးနေတဲ့ အာဇာနည်မပဲ။



ဒါလောက်တော့ အသာလေးပေါ့၊ သင်းက မျိုးနဲ့ရိုးနဲ့ နတ်ကတော်မ၊ သင်းဦးလေးအရင်းက နတ်ကတော်လေး၊ မိန်းမလျာမပဲ။

မိန်းမလျာဖြစ်တာကလည်း မျိုးနဲ့ရိုးနဲ့ပဲ၊ ကျောင်းစနေတဲ့ အရွယ်လောက်ကတည်းက အိမ်ကအလစ်မှာ ပြေးပြေးပြီး ဦးလေးလုပ်သူ နတ်ပွဲမှာ ဝင်ဝင်ကတာ။ အိမ်က ရိုက်နှက်ဆုံးမ၊ အမျိုးမျိုး ဆူပူကြိမ်းမောင်းလည်း မရ၊ ဘယ်ရမှာတုံး၊ ဒီလိုင်းက ဝင်မိရင် သွားတာပဲ။ လိုင်းဝင်သွားလို့ကတော့ သွားပြီသာမှတ်။

ဒီကောင်မက စန်းကလေးကတော့ ရှိတယ်။ သူ့ဦးလေး နတ်ပွဲတစ်ခုမှာ ကိုကြီးကျော်မူးနေတုန်း သူရောက်သွားတော့ ကလေးဆိုတော့ ဘာမသိ ညာမသိ နတ်ဝင်မူးပြီး ဝင်ကပစ်လိုက်တော့ နတ်ပရိသတ်တွေလန့်ပြီး သူ့ကို ယုံတာ။ နတ်ပွဲမှာ ကိုကြီးကျော်ဆိုတာ မိန်းမျိုင်း၊ သူမူးနေတုန်း ဘယ်နတ်မှ ပူးရတာ မဟုတ်ဘူး၊ ကိုကြီးကျော်မူးနေတုန်း ဝင်မူးရဲတဲ့ နတ်ဆိုတာ ရှားမှရှားကိုး၊ အဲဒီထဲက သူ့ကို တော်တော်ယုံသွားကြတာ။ သူ့နတ်တွေ လိုက်တင်ပေးတော့ ရှစ်တန်းရှိသေးတယ်၊ ဘောင်းဘီတိုလေးနဲ့။

သူ့ နတ်ပွဲစကတာ ပြောပြတာများ ရယ်လည်း ရယ်ရတယ်၊ ကောင်မက အပြောလည်း စပ်ကောင်းကောင်း။ မာသီရယ်... ကုသိုလ်ကံဆိုတာ ဆန်းကြယ်တယ်တဲ့၊ ဗိုလ်ချုပ်ဈေးက အလှပြင်ဆိုင်တစ်ခုမှာ ကိုယ်က တကယ်တော့ သူငယ် သွားငမ်းတာ၊ ဒါပေမယ့် ဟိုမှာ ဘာတွေ သွားတွေ့လဲဆိုတော့ မိုးကုတ်က ကျောက်ကုန်သည်မတွေနဲ့ သွားတွေ့တယ်တဲ့၊ သူတို့မှာ တော်တော်အဖိုးတန်တဲ့ ကျောက်တစ်လုံးက ဘယ်လိုမှ ရောင်းမထွက် ဖြစ်နေတယ်၊

နည်းတွေလည်း စုံနေပြီ။ နောက်ဆုံး နတ်မေးဖို့ လုပ်နေတုန်း ကိုယ်နဲ့သွားတွေ့တာတဲ့၊ အလှပြင်ဆိုင်က သူငယ်ချင်းမတွေက နတ်

